

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-HQ VA No. 143 – Sr. Driver

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## အကြီးတန်းယာဉ်မောင်း

| | | |
|---|---|---|
| **အရေအတွက်** | **:** | **(၁) ဦး** |
| **အစီရင်ခံတင်ပြမှု** | **:** | **စီမံကိန်းအထောက်အကူပြုအရာရှိ** |
| **ဌာန** | **:** | **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန** |
| **စီမံချက်/စီမံကိန်း** | **:** | **MDRMM024 – Myanmar Flood 2026** |
| **တာဝန်ကျရာနေရာ** | **:** | **နေပြည်တော်/ရန်ကုန်** |
| **အဆင့်** | **:** | **C-1** |
| **အကျိုးခံစားခွင့်များ** | **:** | **လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ** |
| **လျှောက်လွှာပိတ်ရက်** | **:** | **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ (၁၆:၃၀)နာရီ** |

**<u>စီမံချက် (သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း</u>**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဌာနကြီးတစ်ခုဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနသည် နိုင်ငံတစ်ဝန်းလုံးတွင် ကြက်ခြေနီအသင်းခွဲများနှင့် ရပ်ရွာလူထု၏ ပဋိပက္ခနှင့်ဘေးအန္တရာယ်တုံ့ပြန်မှု ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ပဋိပက္ခနှင့်ဘေးအန္တရာယ်တုံ့ပြန်ခြင်းလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရပ်ရွာဘေးဒဏ်ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာလုပ်ငန်းစဉ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း လုပ်ငန်းများ၊ အမိုးအကာ၊ ငွေကြေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထောက်ပံ့မှုများ၊ အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်းစီမံကိန်းလုပ်ငန်းများ၊ အထူးစီမံချက်များကို ဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

**အကြီးတန်းယာဉ်မောင်း**သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲ/နေပြည်တော်(ဌာနချုပ်)တို့တွင် အခြေစိုက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန၏ ရုံးလုပ်ငန်းများတွင် ယာဉ်မောင်းနှင်ပေးရန်၊ နိုင်ငံတစ်ဝန်းလုံးရှိ စီမံချက်မြို့နယ်များသို့ ခရီးသွားရာတွင် ယာဉ်မောင်းနှင်ရန်နှင့် အရေးပေါ်အခြေအနေများတွင် လိုအပ်သလိုကူညီ မောင်းနှင်ပေးရန်ဖြစ်ပါသည်။ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းသဘောသဘာဝအရ အချိန်ပိုအလုပ်လုပ်ပေးနိုင်ရန်လိုအပ်ပါသည်။

အကြီးတန်းယာဉ်မောင်းသည် ဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ နှင့် အသင်းပိုင် ပစ္စည်းများ၊ လူမှုကရုဏာဆိုင်ရာ ထောက်ပံ့ပစ္စည်း များကို သတ်မှတ် နေရာ ဒေသသို့ ညွှန်ကြားချက်နှင့်အညီ စနစ်တကျ လုံခြုံစွာ သယ်ယူပို့ဆောင်ပေးရန်၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ထိခိုက်ပျက်စီးမှု မဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ပါဝင်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မော်တော်ယာဉ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ဖော်ပြပါတာဝန်များကို ထမ်းဆောင်ရန် ဖြစ်သည်။

## တာဝန်နှင့်ဝတ္တရားများ

**ယာဉ်မောင်းနှင်ခြင်း**

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် အချိန်အခါ/ နေရာဒေသမရွေး ပါဝင်ဆောင်ရွက်နိုင်ရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင် မော်တော်ယာဉ်များကို မောင်းနှင်ရာတွင် နိုင်ငံတော်မှတရားဝင်ပြဋ္ဌာန်းထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေနှင့် ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ရမည်။ ယာဉ်မတော်ဆမှုများမဖြစ်စေရန် တာဝန်ယူဆောင်ရွက်ရမည်။ အသင်း၏မော်တော်ယာဉ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အန္တရာယ်ကင်းစွာမောင်းနှင်နိုင်ရမည်၊ ပြုပြင်ထိန်းသိမ်းနိုင်ရမည်။

၃။ ယာဉ်မောင်း၏ တာဝန်/ဝတ္တရားများ ပေါ့ဆမှုကြောင့်ဖြစ်သော ကိစ္စရပ်များအတွက် ယာဉ်မောင်းမှ တာဝန်ယူ ဖြေရှင်းရမည်။

၄။ မိမိမောင်းနှင်မည့် မော်တော်ယာဉ်အကြောင်း ကောင်းစွာနားလည်ပြီး မည်သည့်အခြေအနေမျိုးတွင် မဆို နယ်မြေလမ်းကြောင်း အခြေအနေပေါ်မူတည်၍ ဘေးကင်းစွာ မောင်းနှင်ခြင်း ပြုလုပ်ရမည်။

၅။ မိမိသွားရမည့် ခရီးစဉ်နှင့် ပစ္စည်းပို့ဆောင်ရမည့်နေရာဒေသတို့၏ လိပ်စာ၊ လမ်းကြောင်းများကို တိကျစွာ သိရှိအောင် ကြိုတင်ပြင်ဆင်ထားရမည်။

၆။ မိမိသွားရောက်ရမည့်ခရီးစဉ်၏ လမ်းခရီးလုံခြုံမှုအခြေအနေများအား ကြိုတင်စုံစမ်းထားရှိခြင်းနှင့် လုံခြုံဘေးကင်းရေးလမ်းညွှန် ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၇။ ယာဉ်အသုံးပြုခွင့်မပါရှိသည့် လူပုဂ္ဂိုလ်နှင့် မည်သည့်ခရီးစဉ်ကိုမှ ပို့ဆောင်ပေးခြင်း မပြုရန် ယာဉ်မောင်း တွင် တာဝန်ရှိသည်။

၈။ သက်ဆိုင်ရာ အုပ်ချုပ်သူအကြီးအကဲမှ ခွင့်ပြုထားသော ခရီးစဉ်၊ လမ်းကြောင်း၊ လူဦးရေ၊ ကုန်ပစ္စည်း များ အတိုင်းသာ ပို့ဆောင်ရမည်။

၉။ သက်ဆိုင်ရာအုပ်ချုပ်သူ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်မရပဲ မည်သည့်ပစ္စည်း၊ လူပုဂ္ဂိုလ်ကိုမှ မော်တော် ယာဉ်ပေါ်တွင် သယ်ယူခြင်း ၊ ပို့ဆောင်ခြင်း၊ လက်ခံခြင်း၊ ထားသိုခြင်း၊ သိမ်းဆည်းခြင်း မပြုလုပ်ရန် တာဝန်ရှိသည်။

၁၀။ ယာဉ်ပေါ်တွင်ပါရှိသည့် ဝန်ထမ်းနှင့်သက်ဆိုင်ရာဝန်စည်များအား ညွှန်ကြားထားသည့်အတိုင်း အန္တရာယ် ကင်းစွာ မောင်းနှင်ပို့ဆောင်နိုင်ရမည်။

၁၁။ ယာဉ်ပေါ်တွင် လိုက်ပါသူအားလုံး (ယာဉ်မောင်းအပါအဝင်) သည် အန္တရာယ်ကင်းခါးပတ်အား တပ်ဆင် စေရန်နှင့်အန္တရာယ်ကင်းခါးပတ်များ တပ်ဆင်ခြင်းမရှိပါက မော်တော်ယာဉ်အား မောင်းနှင်ခြင်း မပြုရန် ယာဉ်မောင်း တွင်တာဝန်ရှိသည်။

၁၂။ ရုံးစည်းကမ်းပါ အလုပ်ချိန် သတ်မှတ်ချက်အတိုင်း မောင်းနှင်ရမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်အရ အချိန်ပို တာဝန်ထမ်းဆောင်ရန် လိုအပ်ပါက ကျေပွန်စွာ နာခံဆောင်ရွက်တတ်ရမည် ကြီးကြပ်သူမှ လုပ်ငန်းတာဝန်ပေးအပ်ပါက လိုလားစွာထမ်းဆောင်နိုင်ရမည်။

၁၃။ လုပ်ငန်းလိုအပ်ချက်အရ အချိန်မရွေး၊ ဒေသမရွေး နယ်ခရီးဝေးရက်ရှည် မောင်းနှင်နိုင်ရမည်။

၁၄။ အရေးပေါ်အခြေအနေများတွင် တာဝန်ပေးအပ်ပါက ဆောင်ရွက်နိုင်ရမည်။

၁၅။ ခရီးသွားရောက်စဉ် အုပ်ချုပ်သူအရာရှိ/ကြီးကြပ်ရေးမှူး၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် ရမည်။

၁၆။ ယာဉ်မောင်းလိုင်စင်အား အမြဲတစေ သက်တမ်းရှိနေစေရန် တာဝန်ရှိပြီး သက်တမ်းတိုးမြှင့်ရန် လိုအပ် ပါက အချိန်မှီ သက်တမ်းတိုးမြှင့်ထားရန် ယာဉ်မောင်းတွင် တာဝန်ရှိသည်။

၁၇။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မော်တော်ယာဉ်စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များကို မသက်ဆိုင်သူများထံ မရောက်ရှိစေရန် ထိန်းသိမ်း ဆောင်ရွက်နိုင်ရမည်။

၁၈။ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ကြက်ခြေနီအခြေခံမူများနှင့်အညီသာ ဖြစ်ရမည်။

၁၉။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ ၊ လမ်းညွှန်ချက်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်း၊ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

၂၀။ တာဝန်ပေးအပ်ပါက အသင်းပိုင်ကုန်တင်ယာဉ်နှင့် အခြားမော်တော်ယာဉ်များကို မောင်းနှင်ရမည်။ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရမည်။

၂၁။ လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ်အတွင်း ညွှန်ကြားထားသည့် သတင်းပေးပို့မှု လုပ်ငန်းများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

၂၂။ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်ပါက ရုံးရှိမော်တော်ယာဉ်များစီမံထိန်းသိမ်းမှု လုပ်ငန်းများနှင့် ပတ်သတ်၍ မော်တော်ယာဉ်တာဝန်ခံအား ကူညီပံ့ပိုးဆောင်ရွက်ပေးရမည်။

၂၃။ အထက်အရာရှိနှင့်စီမံခန့်ခွဲသူများမှ ပေးအပ်သော အခြားတာဝန်နှင့် ဝတ္တရားများကိုထမ်းဆောင်နိုင် ရမည်။

**ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း**

၂၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးအပ်ထားသော အသင်းပိုင်မော်တော်ယာဉ်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အုပ်ချုပ်ရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ကောင်းစွာပြုပြင် ထိန်းသိမ်းခြင်း၊ သန့်ရှင်းခြင်း၊ လိုအပ်သော ပြုပြင်ပြင်ဆင်မှုများအား တင်ပြခြင်းနှင့် ဆီလိုအပ်ချက်အား ဖြည့်၍ အမြဲတမ်း အဆင့်သင့်ဖြစ်နေစေရမည်။

၂၅။ မော်တော်ယာဉ်အကြောင်းနှင့် ယာဉ်ပြုပြင်ထိန်းသိမ်းရေး ကိရိယာပစ္စည်းများ (Tool box kit) အကြောင်း ကောင်းစွာနားလည်ပြီး အသေးစားပြင်ဆင်မှုအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင်နိုင်ရမည်။

၂၆။ မော်တော်ယာဉ်ကို နေ့စဉ် မော်တော်ယာဉ်စစ်ဆေးမှု (ကြံ့ခိုင်ရေး/သန့်ရှင်းမှု) အတွက် သတ်မှတ် ထားသော ပုံစံပါ အချက်များအတိုင်း စစ်ဆေးရမည်။ အခြားယာဉ်ကို စစ်ဆေးရန် တာဝန်ပေးပါက လည်း အလားတူဆောင်ရွက်ပေးရမည်။ သတ်မှတ်ထားသည့်ပုံစံတွင် နေ့စဉ်ဖြည့်သွင်း မှတ်တမ်း တင်ရမည်။ နေ့စဉ်မနက်တစ်ကြိမ်၊ညနေတစ်ကြိမ် ကား အတွင်း/ အပြင် သန့်ရှင်းရေး ပြုလုပ်ခြင်း၊ လိုအပ်သော ဆီ၊ ရေ၊ လေ၊ အင်ဂျင်ဝိုင် စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအား ဆောင်ရွက်ရမည်။

၂၇။ မော်တော်ယာဉ်ကို စနစ်တကျနှင့် လုံခြုံမှုရှိစွာသုံးစွဲကြောင်း တာဝန်ယူရန်နှင့်ထုတ်ပေးထားသော ယာဉ်ပြင်ကိရိယာများ (ဂျိုင့်ထောက်၊ စက်ပြင်ကိရိယာ..စသည့်) ရှေးဦးပြုစုခြင်းပစ္စည်းများ (First Aid kit) တို့ကို စနစ်တကျ အသုံးပြုနိုင်ရမည်။

၂၈။ မိမိအား တာဝန်ပေးအပ်ထားသည့် မော်တော်ယာဉ်အား ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါက စီမံကိန်း အထောက်အကူပြုအရာရှိထံသို့ စာဖြင့်(၃)ရက်ကြိုတင်၍ သတင်းပို့ရမည်၊ အရေးပေါ်ပြုပြင်ရန်လိုအပ် ပါက ချက်ချင်း သတင်းပို့တင်ပြရမည်။

၂၉။ ယာဉ်မောင်းအား တာဝန်ပေးအပ်ထားသော မော်တော်ယာဉ်နှင့် သက်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ ဘေးကင်းလုံခြုံရေးအတွက် အပြည့်အဝတာဝန်ယူရမည်။

**မှတ်တမ်းထားရှိခြင်းနှင့် စာရင်းရှင်းခြင်း**

၃၀။ မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်းများ၊ စက်သုံးဆီ စာအုပ်များကို မော်တော်ယာဉ် စည်းမျဉ်းစည်းကမ်းများအတိုင်း သေချာစွာ ထိန်းသိမ်းဖြည့်စွက်ရမည်။

၃၁။ မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်း၊ စက်သုံးဆီ အသုံးပြုမှုမှတ်တမ်းအား Programme Support Officer ထံသို့ နေ့စဉ်တင်ပြပေးရမည်။

၃၂။ မော်တော်ယာဉ်အတွက်သုံးစွဲသောအသုံးစရိတ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ အသုံးပြုပြီး ပြန်လည်ရှင်းလင်းတင်ပြရမည်။

၃၃။ မော်တော်ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းအား သက်တမ်းရှိနေစေရန်နှင့် သက်တမ်းတိုးမြှင့် ရန်လိုအပ်ပါက အချိန်မှီသက်တမ်းတိုးမြှင့်ရန် ဆောင်ရွက်ရမည်။

၃၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ယာဉ်အုပ်ချုပ်ရေးစနစ် စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များကို စာချုပ်ပြီးဆုံးသည့်တိုင် လုံခြုံစွာထိန်းသိမ်း ကာကွယ်နိုင်ရမည်။

## လိုအပ်သောအရည်အချင်းများ

- **တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) အထက်တန်း ပညာသင်ကြားခဲ့သူဖြစ်ရမည်။**
- 4WD (Manual Gear) မော်တော်ယာဉ်အမျိုးအစားများ မောင်းနှင်ခဲ့သည့် အတွေ့အကြုံ အနည်းဆုံး (၃) နှစ် ရှိရမည်။
- နိုင်ငံအတွင်းတိုင်းဒေသကြီးနှင့်ပြည်နယ်များအနှံ့ Highway မောင်းနှင် သွားလာသော အတွေ့အကြုံ နှင့် လမ်းပန်းကျွမ်းကျင်သူ ဖြစ်ရမည်။
- ပဋိပက္ခဖြစ်ပွားနေသောနယ်မြေများ၊ နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ကြက်ခြေနီအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံရှိသူများ ကို ဦးစားပေးမည်။
- မော်တော်ယာဉ်နှင့် ပြုပြင်ထိန်းသိမ်းမှုများကို ကောင်းစွာနားလည်ပြီး မော်တော်ယာဉ်အသေးစား ပြင်ဆင်မှု လုပ်ကိုင်နိုင်သူဖြစ်ရမည်။ ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရမည်။
- နိုင်ငံတော်မှထုတ်ပြန်ထားသော ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများကို သေချာစွာ သိရှိလိုက်နာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။

- လူမှုပေါင်းသင်းဆက်ဆံရေး၊ ရိုးသားမှု၊ အဖွဲ့အစည်းမှယုံကြည်စိတ်ချနိုင်မှုခြင်း၊ စိတ်ရှည်သည်းခံနိုင်ခြင်းနှင့် ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သူဖြစ်ရမည်။
- ယဉ်ကျေးမှု၊ ဓလေ့ကွဲပြားမှုများ၊ လူမျိုး၊ ဘာသာစကား၊ လုပ်ငန်းသဘာဝ မတူညီကွဲပြားမှုရှိသည့် လုပ်ငန်းခွင်၊ စိတ်ဖိစီးမှုများပြားသည့်လုပ်ငန်းခွင်တွင် ကောင်းမွန်စွာ တာဝန်ထမ်းဆောင်နိုင်ရမည်။
- ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းပြီး သွက်လက်နိုးကြားသူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင် အချိန်မရွေးတက်ကြွစွာ ဆောင်ရွက်နိုင်ရမည်။
- အရက်သေစာသောက်စားသူများနှင့် မူးယစ်ဆေးဝါးသုံးစွဲ သူများ မဖြစ်ရ။
- အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်(ခ) သက်တမ်းအနည်းဆုံး(၃)နှစ်နှင့်အထက် ရှိရမည်ဖြစ်ပြီး လိုင်စင်သက်တမ်း (၆)လအထက် လက်ဝယ်ကျန်ရှိရမည်။
- လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး တာဝန်ပေးအပ်ပါက အချိန်/နေရာဒေသမရွေး ခရီးသွားလာ ဆောင်ရွက်နိုင်သောသူဖြစ်ရမည်။
- တိုင်းရင်းသားဘာသာစကားများနှင့် English ဘာသာစကား ပြောဆိုဆက်သွယ်နိုင်မှုရှိပါက ဦးစားပေးမည်။
- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။
- လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်း၊ အသင်း၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုကျင့်ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒ (PSEA Policy)၊ ကလေးသူငယ် ကာကွယ်ပေးရေးဆိုင်ရာမူဝါဒ အပါအဝင် ၎င်း၏ စံချိန်စံညွှန်းများ (Child Safeguarding Standards)၊ လိမ်လည်မှုနှင့် အကျင့်ပျက်လာဘ်စားခြင်းအား တားဆီးကာကွယ်ခြင်းဆိုင်ရာမူဝါဒ (Anti-Fraud and Anti-Corruption Measures)၊ အခွင့်အလမ်း တန်းတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများ (Equal Opportunity

Principles)နှင့် အခြားသော လုံးဝ ခွင့်မလွှတ်ပေးနိုင်သည့် (Zero-Tolerance) မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အပြည့်အဝ လေးစားလိုက်နာရန် လိုအပ်ပါသည်။

**“ကျွန်ုပ်တို့အဖွဲ့အစည်းသည် မတူကွဲပြားမှု (Diversity) နှင့် ကျား/မ တန်းတူညီမျှမှု (Gender Equality) တို့ကို တိုးတက်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မတူကွဲပြားသော နောက်ခံအခြေအနေ အတွေ့အကြုံရှိသူများကို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။”**

*****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့ လိပ်မူကာ ပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**